ကျောက်ပုန်းကျေးရွာ
တွံတေးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

# ( ၂၀၂၄-၂၀၃၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ကျောက်ပုန်းကျေးရွာ၊ တွံတေးမြို့

(သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ( )ရက်

# မာတိကာ


| စဉ် | ကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | စကားချီ | ၃ | ၄ |
| ၂။ | ကျေးရွာ၏ သယံဇာတပြမြေပုံ | ၅ | ၅ |
| ၃။ | ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် | ၆ | ၆ |
| ၄။ | ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၇ | ၇ |
| **အပိုင်း(၁)**<br>**ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ** | | | |
| ၆။ | **တည်နေရာနှင့်ပထဝီအနေအထား** | ၉ | ၉ |
| ၇။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၉ | ၉ |
| ၈။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၉ | ၁၀ |
| ၉။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၁၀ | ၁၁ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၁၀ | ၁၀ |
| | ( ခ ) မွေးမြူရေးလုပ်ငန်း | ၁၀ | ၁၁ |
| | ( ဂ ) ငါးလုပ်ငန်း | ၁၁ | ၁၁ |
| | ( ဃ ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၁၁ | ၁၁ |
| | (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၁ | ၁၁ |
| ၁၀။ | **အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ** | ၁၁ | ၁၂ |
| ၁၁။ | **ပညာရေး** | ၁၂ | ၁၂ |
| ၁၂။ | **ကျန်းမာရေး** | ၁၂ | ၁၂ |
| ၁၃။ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃ | ၁၃ |
| ၁၄။ | **ကျား-မ ရေးရာ** | ၁၃ | ၁၃ |
| ၁၅။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၄ | ၁၄ |
| **အပိုင်း(၂)**<br>**စီမံချက်ဆိုင်ရာ အချက်အလက်များ** | | | |
| ၁၆။ | **ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း** | ၁၆ | ၁၆ |
| ၁၇။ | **စီမံချက်ဆိုင်ရာ အချက်အလက်** | ၁၇ | ၂၂ |
| **နောက်ဆက်တွဲ** | | | |
| ၁၈။ | ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၃ | ၇၃ |
| ၁၉။ | ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား | ၇၄ | ၇၆ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် မှ ၂၀၂၉-၂၀၃၀ ခု ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင် အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်း ပါဝင်ရေးဆွဲ ထားသည့် ပထမဦးဆုံးသော ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ် မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမ နှင့် ကျေးလက်ဖွံ့ ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တတ်တတ်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထု ကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေး လမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင် ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များ နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာ သည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန သီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

အောက်တိုဘာလ၊ ၂၀၂၄

ကျောက်ပုန်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
တွံတေးမြို့နယ်

# ကျောက်ပုန်းကျေးရွာ၊ သယံဇာတပြ မြေပုံ၊ တွံတေးမြို့နယ်



# ကျောက်ပုန်းကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန်၊ တွံတေးမြို့နယ်



# ကျောက်ပုန်းကျေးရွာ၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ၊ တွံတေးမြို့နယ်



# အပိုင်း (၁)

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့်

# ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

## ၆။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ရေတွင်းကုန်းကျေးရွာအုပ်စု၊ ကျောက်ပုန်းကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်အတွင်းရှိ (၇၃)အုပ်စုတွင် ပါဝင်ပြီး ရွှေမုယင်းချောင်း၏ ဘေးတွင်တည်ရှိပါသည်။ ရေတွင်းကုန်းအုပ်စုတွင် ရေတွင်းကုန်းကျေးရွာ၊ ကျောက်ပုန်းကျေးရွာ၊ ကွင်းပေါက်ကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ပေါက်တောကျေးရွာ ဟူ၍ (၅)ရွာပါဝင်ဖွဲ့စည်းထားပါသည်။ ကျောက်ပုန်းကျေးရွာ၏ မြောက်ဘက်တွင် ရွှေမုယင်းချောင်းနှင့် ရေတွင်းကုန်းကျေးရွာ၊ အနောက်ဘက်တွင် ကွင်းပေါက်ကျေးရွာ တို့နှင့် ထိစပ်လျက်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် ရွာဦးဘုန်းကြီးကျောင်း တောရကျောင်းတိုက်နှင့် ဆုတောင်းပြည့် ပြည်တော်အေးစေတီတော်တည်ရှိပါသည်။ ရွာ၏ တောင်ဘက်တွင်မူ လယ်ကွင်းများသာ ရှိပါသည်။

## ၇။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျောက်ပုန်းကျေးရွာတွင် လယ်ယာမြေကိုသာ အဓိကထားလုပ်ကိုင်ကြပြီး မြေပြန့်ဒေသဖြစ်သောကြောင့် မြေဆီလွှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာအတွင်းရှိ တောင်သူလယ်သမားများသည် နွေစပါး၊ မိုးစပါးဟူ၍ ရာသီအလိုက် စပါးမျိုးများကိုစိုက်ပျိုးကြပါသည်။ မိုးရာသီတွင် ရွှေယင်းချောင်းနှင့် လက်သွယ်မြောင်းများမှ စိုက်ပျိုးရေးအတွက် လိုအပ်သော ရေကို အလုံအလောက်ရရှိသော်လည်း နွေရာသီတွင် နွေစပါးစိုက်ပျိုးမှုအတွက် လက်သွယ်မြောင်းများမှ ရေလုံလောက်စွာ မရရှိသောကြောင့် စိုက်ပျိုးရေးအတွက် အခက်အခဲများစွာဖြစ်ရပါသည်။ သို့ဖြစ်ပါ၍ နွေစပါးစိုက်ပျိုးရာတွင် လယ်သမားများ အခက်အခဲမရှိစေရန်အတွက် လက်သွယ်မြောင်းများအား ပြန်လည်ပြုပြင်တူးဖော်ရန် လိုအပ်ပါသည်။ တောင်သူလယ်သမားများသာ အများဆုံးနေထိုင်ကြသဖြင့် စိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။

## ၈။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်း လထုထုအခြေပြုအဖွဲ့အစည်းများတွင် ကျေးရွာ၏ ရာအိမ်မှူး၊ ဆယ်အိမ်မှူးအဖွဲ့/ ကျေးရွာရပ်မိရပ်ဖအဖွဲ့၊ ကျောင်းသူကျောင်းသားမိဘအဖွဲ့၊ သာရေးနာရေး ဂေါပကအဖွဲ့/ အမျိုးသမီးရေးရာအဖွဲ့/ ကျေးရာလူငယ်အဖွဲ့အစည်းများမှ ကျေးရွာ၏ အထွေထွေသော ကိစ္စရပ်များတွင် အသီးသီးပါဝင်စည်းရုံစည်းရုံးလုပ်ဆောင်လေ့ရှိပါသည်။

ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ဦးစီးပေး စုပေါင်းပါဝင်လုပ်ဆောင်လေ့ရှိကြပြီး နှစ်စဉ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများကို ကြိုတင်ရေးဆွဲအစီအစဉ်ချ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

## ၉။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျောက်ပုန်းကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပြီး လူအနည်းငယ်မျှသာ တစ်နိုင်တစ်ပိုင်သီးနှံပင်စိုက်ပျိုးမှုကို လုပ်ကိုင်ကြပါသည်။ မိုးရာသီတွင် စိုက်ပျိုးရေးအတွက် ရေကို အလုံအလောက် ရရှိပါသော်လည်း နွေရာသီတွင်မူ လက်သွယ်ချောင်းများ၏ တိမ်ကောပျက်စီးမှုများကြောင့် စိုက်ပျိုးရေးအတွက် ရေလိုအပ်မှုတွင် အခက်အခဲများစွာရှိပါသည်။ စိုက်ပျိုးသီးနှံပင်များမှာလည်း ရာသီဥတု၏ ဖျက်ဆီးမှုများ၊ ပိုးမွှားများ၊ ခရုများကြောင့် လယ်ယာစိုက်ပျိုးသူများမှာ ပျက်စီးဆုံးရှုံးမှုဒဏ်ကို အဓိကခံကြရပါသည်။

မိုးစပါးသီးနှံ၏ အထွက်နှုန်းမှာ (၁)ဧက ပျမ်းမျှတင်း (၃၀)မှ တင်း (၆၀)အတွင်းသာရှိသော်လည်း နွေစပါးသီးနှံ၏ အထွက်နှုန်းမှာ (၁)ဧက ပျမ်းမျှတင်း(၈၀)မှ တင်း(၁၂၀)အတွင်းရှိပါသည်။ လယ်ယာစိုက်ပျိုးသူ အများစုမှာလည်း ထွန်ယက်စိုက်ပျိုးရေးလုပ်ငန်းများအတွက် လက်တွန်းထွန်စက်မျှသာရှိပါသည်။ လုပ်သားရှားပါးလာမှုကြောင့် လယ်ယာစိုက်ပျိုးရန်အတွက် ခေတ်မီလယ်ထွန်စက်များအား အခကြေးငွေဖြင့် ငှားရမ်းထွန်ယက်ခြင်း၊ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များကို ငှားရမ်း၍ စပါးရိတ်သိမ်းခြင်း လုပ်ငန်းများကို လုပ်ဆောင်နေကြရပါသည်။ သီးနှံပင်များအထွက်နှုန်းတိုးစေရန်အတွက် သဘာဝမြေဆွေးများအပြင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ၊ အခြားဓာတုဆေးဝါးများနှင့် သီးနှံမျိုးစေ့များကိုလည်း ဝယ်ယူသုံးစွဲရပါသည်။ လယ်လုပ်သားရှားပါးမှု၊ ဓာတ်မြေဩဇာများ ဈေးနှုန်းမြင့်မားမှု၊ ခေတ်မီစက်ငှားရမ်းခမြင့်မားမှု၊ ဘသာဝဘေးအန္တရာယ် ဖျက်ဆီးမှုအချို့နှင့် ပိုးမွှားဖျက်ဆီးမှုများကြောင့် အကျိုးအမြတ်ရရှိမှုနည်းပါးပြီး အဆင်မပြေသော အိမ်ထောင်စုများစွာရှိပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာအတွင်းရှိ အိမ်ထောင်စုအနည်းငယ်မျှသာ မိသားစု စားသုံးရန်နှင့် ငွေပိုငွေလျှံရရှိစေရန်အတွက် ကြက်များ၊ ဘဲများကို မွေးမြူထားကြပါသည်။ ကြက်များ၊ ဘဲများကို တစ်နိုင်တစ်ပိုင်မွေးမြူထားကြ

သော်လည်း မိမိတို့မွေးထားသော တိရစ္ဆာန်များ ရာသီကူးပြောင်းချိ န်တွင်ဖြစ်လေ့ဖြစ်ထရှိသော ကူးစက်ရောဂါများအတွက် မွေးမြူရေးအသိပညာများကို ကြိုတင်လေ့လာသိရှိထားမှု၊ ကြိုတင်ကာကွယ်မှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှု နည်းပါးပါသည်။

**(ဂ) ငါးလုပ်ငန်း**

ကျောက်ပုန်းကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြခြင်းမရှိဘဲ စိုက်ပျိ ုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။

**(ဃ) စိုက်ပျိ ုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာအတွင်းတွင် အခြားဝင်ငွေရလုပ်ငန်းများအဖြစ် ကယ်ရီမောင်းနှင်သူများ၊ ဈေးရောင်းဈေးဝယ်လုပ်သူများ၊ လက်သမား၊ ပရန်းရံလုပ်သား၊ စက်ချုပ်သူများနှင့် ကျပန်းလုပ်ကိုင်သူများလည်း ရှိပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

စိုက်ပျိ ုးရေးလုပ်ငန်း အခြားလုပ်ငန်း လုပ်ကိုင်နေကြသော မိသားစုများသည် အတိုးနှုန်းသက်သာသော ကာလရှည် ချေးငွေများ ရရှိရန်လိုအပ်ပါသည်။

**၁၀။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကျေးရွာအတွင်းရှိ မိသားစုများသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ကုန်းလမ်းဖြင့်လည်းကောင်း၊ ရေလမ်းဖြင့်လည်းကောင်း အသုံးပြုနိုင်ကြပါသည်။ ကား (၁)၊ ထော်လာဂျီ (၅)၊ ဆိုင်ကယ်(၆)၊ သုံးဘီးဆိုင်ကယ်(၄)၊ စက်ဘီး(၁၈)၊ လှေ(၂)၊ စက်လှေ(၃၂) အစရှိသော စက်ကိရိယာယာဉ်များဖြင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို လုပ်ဆောင်ကြပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ကျောက်ပုန်းကျေးရွာအတွင်းရှိ မိသားစုအများစုသည် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးကို အသုံးပြုကြပါသည်။ ဆိုလာ၊ ဒီဇယ်အင်ဂျင်တို့ဖြင့် လျှပ်စစ်မီး အသုံးပြုသော မိသားစုမှာ အနည်းငယ်မျှသာ ရှိပါသည်။

**(ဂ) သတင်းနှင့်ဆက်သွယ်ရေး**

ကျောက်ပုန်းကျေးရွာအတွင်းရှိ အိမ်ထောင်စုများအားလုံးသည် ဖုန်း (၂၉၀)၊ ရေဒီယို(၉)၊ တီဗီ(၄၃) များကို အသုံးပြုကြသဖြင့် သတင်းနှင့် ဆက်သွယ်ရေး ကိစ္စရပ်များအတွက် အခက်အခဲများမရှိပါ။ အင်တာနက်လိုင်းများမှလည်း ရရှိပါသည်။

## ၁၁။ ပညာရေး

ကျောက်ပုန်းကျေးရွာတွင် အ.လ.က အလယ်တန်းစာသင်ကျောင်းတည်ရှိပြီး ကျောင်းဆောင်(၂) ဆောင်ရှိပါသည်။ အခြားကျေးရွာများမှ ကျောင်းသူ/သားများမှာလည်း လာရောက်ပညာသင်ကြားကြပါသည်။ ကျောင်းသူ/သား အင်အားများခြင်ကြောင့် ကျောင်းဆောင်အသစ်များ လိုအပ်မှု၊ ဆရာ၊ ဆရာမ မလုံလောက်မှု စသည့် အခက်အခဲများ ကြုံတွေ့ရပါသည်။ ကျောင်းသူ/သား မိဘ အဖွဲ့အစည်းမှာလည်း ကျောင်း၏ ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာ ပါဝင်လုပ်ဆောင်ကြပါသည်။

## ၁၂။ ကျန်းမာရေး

ကျန်းမာရေးဦးစီးဌာန တာဝန်ကျ ဆရာ/ဆရာမများမှ လစဉ်လိုက်လိုအပ်သော ကာကွယ်ဆေးများကို ကျေးရွာသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ဆောင်ရွက်ပေးခြင်းမပြင်၊ ဆေးရုံ၊ ဆေးခန်းများသို့လည်း သွားရောက်ကုသရန် သွားလာရေး လွယ်ကူသောကြောင့် ကျန်းမာရေး နှင့် ပတ်သက်၍ အခက်အခဲမရှိပါ။

## ၁၃။ ဘေးအန္တရာယ်များ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျောက်ပုန်းကျေးရွာတွင် ဈေးရောင်း ဈေးဝယ်၊ ပို့ဆောင်ရေးနှင့် ကျပန်းလုပ်ကိုင်များ လုပ်ကိုင်ကြသည့် အိမ်ထောင်စု အသင့်အတင့် ရှိပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက်သောအချိ န်များနှင့် (Covid-19) ဖြစ်သော ကာလမျိ ုးတို့တွင်အခြားအိမ်ထောင်စုများထက် အခြေခံလက်လုပ်လက်စား အိမ်ထောင်စုများ မှာပိုမို ထိခိုက်မှုရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးအတွက် အမှိုက်စွန့်ပစ်စနစ် လိုအပ်လျက်ရှိပါသည်။

## ၁၄။ ကျား-မ ရေးရာ ကိစ္စရပ်များ

ကျောက်ပုန်းကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိ ုးသမီးများ ပါဝင်လှုပ်ရှားမှုမှာ အနည်းငယ်မျှသာပါဝင်ပြီး အမျိ ုးသားများတာဝန်ယူဆောင်ရွက်ရသော ကိစ္စရပ်များသာ် ပိုမိုများပြားသောကြောင့် အမျိ ုးသားများ ပါဝင်လှုပ်ရှားမှုမှာ များပြားပါသည်။ သို့ရာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာရေးနာရေး၊ ပျော်ပွဲရွှင်ပွဲကိစ္စရပ်များတွင် အမျိ ုးသား၊ အမျိ ုးသမီး မကျန် တက်ကြွစွာ ပါဝင်လှုပ်ရှားကြပါသည်။ အမျိ ုးသမီးအကြမ်းဖက်မှုကူ၍ မရှိပါ။ အကယ်၍ တစ်စုံတစ်ရာ အကြမ်းဖက်မှု ဖြစ်ပေါ်လာပါက ကာကွယ်ရမည့် တရားဥပဒေဆိုင်ရာ အသိပညာများကိုလည်း သိရှိထားပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ<br>
ရေတွင်းကုန်းကျေးရွာအုပ်စု<br>
ကျောက်ပုန်းကျေးရွာ<br>
တွံတေးမြို့နယ်

၁၅။ ဦးစားပေး ဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | ကျေးရွာအုပ်စုအမည် - ကျောက်ပုန်း | | ကျေးရွာအမည် - ကျောက်ပုန်း | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|---|
| | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက် နှင့်လုပ်ငန်းစဉ်များ | | |
| ၁ | အခြေခံအဆောက်အဦ | ရွာတွင်းလမ်း၊ရွာချင်းဆက်လမ်း၊တံတားဆောက်လုပ်ခြင်း | ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း | ၁ | |
| ၂ | အခြေခံအဆောက်အဦ | ရွာတွင်းလမ်း၊ရွာချင်းဆက်လမ်း၊တံတားဆောက်လုပ်ခြင်း | ဆက်သွယ်ရေးတံတားဆောက်လုပ်ခြင်းလုပ်ငန်း | ၂ | |
| ၃ | အခြေခံအဆောက်အဦ | ရွာတွင်းလမ်း၊ရွာချင်းဆက်လမ်း၊တံတားဆောက်လုပ်ခြင်း | ကျေးရွာတွင်းလမ်းသွယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း | ၃ | |
| ၄ | ပညာရေး | ကျောင်းအဆောက်အဦ၊ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းသုံးပရိဘောဂများရရှိအောင်ဆောင်ရွက်ခြင်း | ၄ | |
| ၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းအိမ်သာများပြုပြင်ဆောက်လုပ်ခြင်း | ၅ | |
| ၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းစာကြည့်တိုက်ဆောက်လုပ်ခြင်း | ၆ | |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ပရိဘောဂ၊သင်ထောက်ကူ | စာသင်ကျောင်းဆောင်အသစ်ဆောက်လုပ်ခြင်း | ၇ | |
| ၈ | စိုက်ပျိုးရေး | စိုက်ပျိုးရေရရှိရေးနှင့်အသုံးချရေး | ချောင်းကော၊မြောင်းကောများ တူးဖော်ခြင်း လုပ်ငန်း | ၈ | |
| ၉ | အခြေခံအဆောက်အဦ | ကျေးလက်ရေပေးဝေရေး | မြေသားရေကန်ခြံစည်းရိုးကာရံခြင်း | ၉ | |
| ၁၀ | သံယံဇာတနှင့်သဘာဝပတ်ဝန်းကျင် | သဘာဝဘေး လျော့ချရေး | အမှိုက်မီးရှို့စက်ဆောက်လုပ်ခြင်းလုပ်ငန်း | ၁၀ | |

# အပိုင်း (၂)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

ကျောက်ပုန်းကျေးရွာအုပ်စု၊ကျောက်ပုန်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးမိုးမြင့်ဦး | ဦးသန်းမြင့် | ၁၂/လမတ(နိုင်)၀၂၅၅၁၈ | ၅၇ | ဥက္ကဋ္ဌ | ၀၉-၄၂၁၀၆၃၆၈၆ |
| ၂။ | ဦးကျော်စွာ | ဦးဝင်းနောင် | ၁၂/တတန(နိုင်)၂၃၁၃၀၀ | ၃၅ | အတွင်းရေးမှူး | ၀၉-၄၄၂၇၅၂၁၁၃ |
| ၃။ | ဦးဇော်မိုးအောင် | ဦးရွှေထွန်း | ၁၂/တတန(နိုင်)၁၂၆၆၇၄ | ၃၅ | ဘဏ္ဍာရေးဥက္ကဋ္ဌ | ၀၉-၄၄၈၀၆၂၈၄၄ |
| ၄။ | ဒေါ်ဝါလင်းဦး | ဦးသန်းဦး | ၁၂/တတန(နိုင်)၁၇၈၆၀၀ | ၃၃ | ဘဏ္ဍာရေးမှူး | ၀၉-၄၅၃၆၁၂၂၁၁ |
| ၅။ | ဦးအောင်အောင် | ဦးသောင်းမြိုင် | ၁၂/တတန(နိုင်)၂၆၁၆၇၆ | ၂၃ | စာရင်းကိုင် | ၀၉-၉၆၆၈၈၁၂၃၂ |
| ၆။ | ဒေါ်ယုနန္ဒာလင်း | ဦးသောင်းအေး | ၁၂/တတန(နိုင်)၂၃၀၉၃၈ | ၂၈ | အဖွဲ့ဝင် | ၀၉-၄၀၉၈၅၂၅၀၃ |
| ၇။ | ဒေါ်အေးအေးစိုး | ဦးဖိုးမှတ် | ၁၂/တတန(နိုင်)၂၂၆၉၈၀ | ၃၄ | အဖွဲ့ဝင် | ၀၉-၂၆၃၂၁၅၆၁၀ |

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)**

ကျေးရွာအမည် - ကျောက်ပုန်းကျေးရွာ
ကျေးရွာအုပ်စု - ရေတွင်းကုန်းကျေးရွာအုပ်စု
မြို့နယ် - တွံတေးမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ် - ရန်ကုန်တိုင်းဒေသကြီး

**စီမံချက်အမည်** - ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း

**စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့)လက်ရှိအခြေအနေ**

- မိုးတွင်းကာလတွင် မြေသားလမ်းဖြစ်နေသဖြင့် သွားလာရ အခက်အခဲများ ဖြစ်ပေါ်လျှက် ရှိပါသည်။
- ကျေးရွာ၏ လမ်းမကောင်းသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် အခက်အခဲဖြစ်ပေါ်နေပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိ အခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာ ရွာ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်။
- ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ပိုမိုအဆင်ပြေလာစေရန်။
- ကျေးရွာသူ၊ ကျေးရွာသားများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်တတ်လာစေရန်။

**မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့် ရရှိလာမည့် အကျိုးကျေးဇူးများ)**

- လမ်းကောင်းလာသည့်အတွက် လူနေမှု အဆင့်အဆန်း မြင့်မားတိုးတက်လာမည်။
- ကျောင်းသား၊ ကျောင်းသူများ၊ ရဟန်းသံဃာများ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါမည်။
- အရောင်းအဝယ်လုပ်ငန်းများပိုမို တိုးတက်လာနိုင်ပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ကျောက်ပုန်းကျေးရွာ ရွာတွင်းလမ်းသည် (အရှည် - ၄၆၀ပေ၊ အကျယ် - ၁၀ပေ၊ ထု - ၆လက်မ) ရှိပါသည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| ၁၅,၀၀၀,၀၀၀ (ငွေသား) | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| ၂,၀၀၀,၀၀၀ (ငွေသား) | ကျေးရွာ |
| -------------(ပစ္စည်း/လုပ်အား) | ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၂၃၇ | ၂၁၅ | ၄၅၂ | ၉ | ၃၈ | ၅၆ | ၉ | ၁၁၂ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၂၃၇ | ၂၁၅ | ၄၅၂ | ၉ | ၃၈ | ၅၆ | ၉ | ၁၁၂ |

မှတ်ချက် ။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄

**စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း- ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ**

**(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ**

**(၄) ကျေးရွာ ရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ကျေးလက်ဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ကွန်ကရစ်လမ်းခင်းရန်အတွက် လိုအပ်သောအထောက်အကူပြု ပစ္စည်းများ ကျေးရွာဖက်မှထည့်ဝင်ပါမည်။
- ကျေးရွာဖက်မှ လိုအပ်သော ငွေကြေး ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- ကွန်ကရစ်လမ်းနှင့် ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက် များထားရှိပါမည်။
- စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီးကြောင်း အစီရင်ခံ စာပေးပို့ပါမည်။ ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ် များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ(သို့)စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)**

| | |
|---|---|
| ကျေးရွာအမည် - ကျောက်ပုန်းကျေးရွာ<br>ကျေးရွာအုပ်စု - ရေတွင်းကုန်းကျေးရွာအုပ်စု<br>မြို့နယ် - တွံတေးမြို့နယ်<br>တိုင်းဒေသကြီး/ပြည်နယ် - ရန်ကုန်တိုင်းဒေသကြီး | |
| **စီမံချက်အမည်** - ဆက်သွယ်ရေးတံတားဆောက်လုပ်ခြင်းလုပ်ငန်း | |
| **စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့)လက်ရှိအခြေအနေ**<br>• ကျေးရွာချင်းဆက်သွယ်ရေးတံတားမှာ ယာယီသစ်သားတံတားဖြစ်သဖြင့် မိုးကာလတွင် မော်တော်ယာဉ် သွားလာရ အခက်အခဲများ ဖြစ်ပေါ်လျှက် ရှိပါသည်။<br>• ကျေးရွာချင်းဆက်သွယ်ရေးတံတား မကောင်းသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် အခက်အခဲဖြစ်ပေါ်နေပါသည်။ | |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိ အခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>• ကျေးရွာ ရွာ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်။<br>• ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ပိုမိုအဆင်ပြေလာစေရန်။<br>• ကျေးရွာသူ ကျေးရွာသားများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်တတ်လာစေရန်။ | |
| **မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့် ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>• ကျေးရွာချင်းဆက်တံတားကောင်းလာသည့်အတွက် လူနေမှု အဆင့်အတန်း မြင့်မားတိုးတက်လာမည်။<br>• ကျောင်းသား၊ ကျောင်းသူများ၊ ရဟန်းသံဃာများ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါမည်။<br>• ကျေးရွာအချင်းချင်း ကုန်စည်အရောင်းအဝယ်လုပ်ငန်းများပိုမို တိုးတက်လာနိုင်ပါမည်။ | |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**<br>• ကျောက်ပုန်းကျေးရွာချင်းဆက်တံတားဆောက်လုပ်ရန်( အရှည်-၆၀ပေ၊<br>• အကျယ် - ၁၂ပေ၊ အမြင့် - ၁၆ပေ) ရှိပါသည်။ | |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၅,၀၀၀,၀၀၀ (ငွေသား)<br>• ------------ (ငွေသား)<br>• -------------(ပစ္စည်း/လုပ်အား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ကျေးရွာ<br>• ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | ၂၃၇ | ၂၁၅ | ၄၅၂ | ၉ | ၃၈ | ၅၆ | ၉ | ၁၁၂ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၂၃၇ | ၂၁၅ | ၄၅၂ | ၉ | ၃၈ | ၅၆ | ၉ | ၁၁၂ |

မှတ်ချက် ။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄

**စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း- ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ** |
| **(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ** |
| **(၄) ကျေးရွာ ရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**<br>• ကျေးလက်ဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ဆက်သွယ်ရေးတံတားဆောက်လုပ်ရန်အတွက် လိုအပ်သောအထောက်အကူပြု ပစ္စည်းများ ကျေးရွာဖက် မှထည့်ဝင်ပါမည်။<br>• ကျေးရွာဖက်မှ လိုအပ်သော ငွေကြေးထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>• လုပ်ငန်းများကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• ဆက်သွယ်ရေးတံတားနှင့် ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက် များထားရှိပါမည်။<br>• စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီးကြောင်း အစီရင်ခံ စာပေးပို့ပါမည်။ ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ် များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ(သို့)စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။ |

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)**

ကျေးရွာအမည် - ကျောက်ပုန်းကျေးရွာ
ကျေးရွာအုပ်စု - ရေတွင်းကုန်းကျေးရွာအုပ်စု
မြို့နယ် - တွံတေးမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ် - ရန်ကုန်တိုင်းဒေသကြီး

**စီမံချက်အမည်** - ကျေးရွာတွင်းလမ်းသွယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း

**စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့)လက်ရှိအခြေအနေ**

- မိုးတွင်းကာလတွင် မြေသားလမ်းဖြစ်နေသဖြင့် သွားလာရ အခက်အခဲများ ဖြစ်ပေါ်လျှက် ရှိပါသည်။
- ကျေးရွာ၏ လမ်းမကောင်းသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် အခက်အခဲဖြစ်ပေါ်နေပါသည်။

**မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့် ရရှိလာမည့် အကျိုးကျေးဇူးများ)**

- လမ်းကောင်းလာသည့်အတွက် လူနေမှု အဆင့်အဆန်း မြင့်မားတိုးတက်လာမည်။
- ကျောင်းသား၊ ကျောင်းသူများ၊ ရဟန်းသံဃာများ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါမည်။
- အရောင်းအဝယ်လုပ်ငန်းများပိုမို တိုးတက်လာနိုင်ပါမည်။

**မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့် ရရှိလာမည့် အကျိုးကျေးဇူးများ)**

- လမ်းကောင်းလာသည့်အတွက် လူနေမှု အဆင့်အဆန်း မြင့်မားတိုးတက်လာမည်။
- ကျောင်းသား၊ ကျောင်းသူများ၊ ရဟန်းသံဃာများ အန္တရာယ်ကင်းစွာ သွာလာနိုင်ပါမည်။
- အရောင်းအဝယ်လုပ်ငန်းများပိုမို တိုးတက်လာနိုင်ပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

ကျောက်ပုန်းကျေးရွာ ရွာတွင်းလမ်းသွယ်သည် (အရှည် - ၃၆၀ပေ၊ အကျယ် - ၈ပေ၊ ထု - ၆လက်မ) ရှိပါသည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| ၁၅,၀၀၀,၀၀၀ (ငွေသား) | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| ------------ (ငွေသား) | ကျေးရွာ |
| ------------ (ပစ္စည်း/လုပ်အား) | ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၂၃၇ | ၂၁၅ | ၄၅၂ | ၉ | ၃၈ | ၅၆ | ၉ | ၁၁၂ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၂၃၇ | ၂၁၅ | ၄၅၂ | ၉ | ၃၈ | ၅၆ | ၉ | ၁၁၂ |

မှတ်ချက် ။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄

**စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း- ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ** |
| **(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ** |
| **(၄) ကျေးရွာ ရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**<br>• ကျေးလက်ဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ကျေးရွာတွင်းလမ်းသွယ်ကွန်ကရစ်ခင်းရန်အတွက် လိုအပ်သောအထောက်အကူပြု ပစ္စည်းများ ကျေးရွာဖက် မှထည့်ဝင်ပါမည်။<br>• ကျေးရွာဖက်မှ လိုအပ်သော ငွေကြေး ထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ရေသန့်စင်စက်တပ်စင်ခြင်းလုပ်ငန်းထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ**<br>**အစီအစဉ်များ**<br>• လုပ်ငန်းများကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• ကျေးရွာတွင်းလမ်းသွယ်ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက် များထားရှိပါမည်။<br>• စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီးကြောင်း အစီရင်ခံ စာပေးပို့ပါမည်။ ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ် များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ(သို့)စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။ |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ်အောက် | နို့စို့အရွယ် | ၂ | ၃ | ၅ | - | - |
| ၁ နှစ်မှ ၄နှစ် | ၅ နှစ်အောက် ကလေးငယ် | ၉ | ၉ | ၁၈ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၂ | ၁၃ | ၂၅ | ၁ | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၃ | ၈ | ၂၁ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၉၀ | ၁၇၂ | ၃၆၂ | - | - |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်အို | ၁၁ | ၁၀ | ၂၁ | - | - |
| စုစုပေါင်း | | ၂၃၇ | ၂၁၅ | ၄၅၂ | ၁ | - |
| စုစုပေါင်း အိမ်ထောင်စု | | ၁၁၂ | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁)နှစ်မပြည့်မီအရွယ်၊ ၁ နှစ်မှ ၄ နှစ်ဆိုသည်မှာ အသက် (၁)နှစ်ပြည့်အရွယ်မှ (၅)နှစ်မပြည့်မီအရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅)နှစ်ပြည့်သည်မှ အသက် (၁၀)နှစ် မပြည့်မီအရွယ်၊ ၁၀ နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက်(၁၀)နှစ်ပြည့်သည်မှ အသက် (၁၅)နှစ် မပြည့်မီအရွယ်၊ ၁၅ နှစ်မှ ၆၄ နှစ်ဆိုသည်မှာ အသက် (၁၅)နှစ်မှ အသက်(၆၅)နှစ် မပြည့်မီအရွယ်၊ အသက် ၆၅ နှစ်နှင့်အထက်ဆိုသည်မှာ အသက် (၆၅)နှစ် ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက် ။ ။ ကျောက်ပုန်းကျေးရွာတွင် နို့စို့အရွယ်နှင့် သက်ကြီးရွယ်ကြီးလူဦးရေ နည်းပါးပြီး အလုပ်လုပ်နိုင်သည့် လူဦးရေ များပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ)　အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား (၂)　လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| ၁ | ကိုယ်ပိုင် လုပ်ငန်း | ၄၅ | ၈၁ | - | ၆၁ | ၂၀ | - | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | ၁၁ | ၁၅ | - | ၁၄ | ၁ | - | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | **တိရစ္ဆာန်မွေးမြူရေး** | | | | | | | |
| ၂ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| ၃ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **သစ်တောလုပ်ငန်း** | | | | | | | |
| ၄ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ** | | | | | | | | |
| | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| ၅ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | |
| | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| ၆ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး** | | | | | | | |
| ၇ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| ၈ | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၃ | - | ၃ | - | - | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| ၉ | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | - | ၂ | - | - | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| ၁၀ | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၄ | - | - | ၄ | - | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| ၁၁ | ကိုယ်ပိုင်လုပ်ငန်း | ၄ | ၁၀ | ၁ | ၃ | ၇ | - | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| ၁၂ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| ၁၃ | ကိုယ်ပိုင်လုပ်ငန်း | ၄ | ၅ | - | ၅ | - | - | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| ၁၄ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| ၁၅ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ **(ဦးရေ)** | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)** | | | | | | | |
| ၁၆ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ပညာရေး** | | | | | | | |
| ၁၇ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | ၂ | ၂ | - | - | ၂ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | **ကျန်းမာရေး** | | | | | | | |
| ၁၈ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| ၁၉ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| ၂၀ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | X |
| | အလုပ်သမား /ကျပန်း/ ရာသီအလိုက် အလုပ်သမား | ၃၈ | ၁၅၂ | ၁၅ | ၆၆ | ၈၆ | ၅၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ပြည်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | | | | |
| ၂၁ | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၁၁၂ | ၂၇၄ | ၁၆ | ၁၅၄ | ၁၂၀ | ၅၀ | X |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်** ။ ။ **"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း** ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင် မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်** ။ ။ ကျောက်ပုန်းကျေးရွာတွင် ရောင်းဝယ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်း လုပ်ဆောင်သူ နည်းပါးပြီး လယ်ယာစိုက်ပျိုးရေးနှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူ များပြားပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများ ဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး(ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး(ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် **..... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်။ ။ (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ x ၈)**

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ပုန်းကျေးရွာတွင် အမျိုးသမီးများအတွက်အနည်းဆုံး နေ့စားငွေ၁၀၀၀၀ ကျပ် အများဆုံး ၁၂၀၀၀ ကျပ် ရရှိ၍ အမျိုးသားများအတွက် အနည်းဆုံးနေ့စား ၁၂၀၀၀ ကျပ်ရရှိ၍ အများဆုံး ၂၀၀၀၀ ကျပ် ရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ(ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၆၃၃ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ/ တောင်ယာမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ(ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စုစုပေါင်း | ၆၃၃ | ☒ |

ရင်းမြစ် **...... (၁)အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူ လုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး(သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော် က သီးသန့်လျားထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ပုန်းကျေးရွာတွင် လယ်မြေ (၆၃၃)ဧက ရှိပြီး မြေဆီလွှာ အရည်အသွေး သင့်တင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ - ၂) ဓာတ်သတ္တုနှင့်အခြား သဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) | လွန်ခဲ့သော (၁၀)နှစ်က အခြေအနေ (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင် ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) | လွန်ခဲ့သော (၁၀)နှစ်က အခြေအနေ (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|---|
| ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐<br>အသုံးမပြုနိုင် ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☑<br>နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐<br>အသုံးမပြုနိုင် ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်စိတ်များ | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | ☒ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| ရေ-မြေပေါ်ရေ (အင်း၊ အိုင်၊ ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း) | များ ☐ သင့် ☑<br>နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐<br>အသုံးမပြုနိုင် ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| ရေ - မြေပေါ်ရေ (တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း) | များ ☐ သင့် ☑<br>နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐<br>အသုံးမပြုနိုင် ☐ | လျော့ ☐ တိုး ☑<br>အပြောင်းအလဲမရှိ ☐ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐<br>အသုံးမပြုနိုင် ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| သစ်တော - ဒီရေတောများ | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐<br>အသုံးမပြုနိုင် ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်** ။ ။ ကျောက်ပုန်းကျေးရွာတွင် မြေပေါ်ရေ၊ မြေအောက်ရေများ သင့်တင့်စွာ တွေ့ရှိရပြီး လွယ်ကူစွာ အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓန အဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓန အဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင် | နည်း | အလွန်နည်း (သို့)မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား(ဝင်ငွေ) အလွန်ကောင်း | စီးပွား(ဝင်ငွေ) အသင့်အတင့် | စီးပွား(ဝင်ငွေ) နည်း | စီးပွား(ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၉ | ၃၈ | ၅၆ | ၉ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

